# “အကြမ်းဖက်စစ်ကောင်စီ၏ အာဏာသိမ်းရန် ကြိုးစားမှုအပေါ် ထုတ်ပြန်ကြေငြာချက်

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့သည် အကြမ်းဖက်စစ်ခေါင်းဆောင် မင်းအောင်လှိုင်နှင့် ၎င်း၏ လက်အောက်ခံတပ်ဖွဲ့ဝင်များ မြန်မာပြည်သူလူထု၏ အချုပ်အခြာအာဏာအရပ်ရပ်ကို သိမ်းယူရန် ကြိုးပမ်းမှုမအောင်မြင်ခြင်း သုံးနှစ်မြောက်နေ့ ဖြစ်ပါသည်။ ထို့အတူ ကျွန်ုပ်တို့မြန်မာ နိုင်ငံလုံးဆိုင်ရာ နိုင်ငံရေးအကျဉ်းသားများကွန်ရက် (PPNM) နှင့် ကရင်နီနိုင်ငံရေးအကျဉ်းသားများ အစည်းအရုံး (KPPA)တို့အနေဖြင့်လည်း စစ်ကောင်စီ အာဏာသိမ်းမှုနှင့်ပတ်သက်၍ အောက်ပါအချက် (၁၁) ချက်ကို သဘောထားထုတ်ပြန်လိုက်သည်။

၁။ မြန်မာပြည်သူများနှင့်အတူ အာဏာသိမ်းစစ်ကောင်စီ၏ အာဏာသိမ်းရန် ကြိုးစားမှုအပေါ် ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုံ့ချပါသည်။

၂။ အကျဉ်းထောင်အသီးသီးတွင် မတရားဖမ်းဆီးထိန်းသိမ်းခံထားကြရသော်လည်း ကြံ့ကြံ့ခံရပ်တည်နေကြဆဲဖြစ်သည့် နိုင်ငံရေးအကျဉ်းသားများကိုလည်း လေးစားဂုဏ်ပြုအပ်ပါသည်။

၃။ ရရာနည်းလမ်းအမျိုးမျိုးဖြင့် အကြမ်းဖက်စစ်ကောင်စီအား ဆန့်ကျင်တွန်းလှန်နေဆဲဖြစ်သည့် ပြည်တွင်းပြည်ပမှ ပြည်သူလူထုအပေါင်းကိုလည်း လေးစားဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

၄။ တူမီးလက်လုပ်မှသည် မောင်းပြန်ရိုင်ဖယ်များအထိ စစ်အာဏာရှင်အောက် ဒူးမထောက်၊ လက်မမြှောက်ပဲ အဆင့်ဆင့် တွန်းလှန်တိုက်ခိုက်ခဲ့ကြသော ပြည်သူ့ရဲဘော်ရဲဘက်များ အားလုံးကိုလည်း အလေးပြုပါသည်။

၅။ အခက်အခဲ စိန်ခေါ်မှုတွေကြားမှ တော်လှန်ရေးအပေါ် ယုံကြည်စွာနဲ့ သတ္တိရှိရှိကူးပြောင်းရပ်တည် ပါဝင်ခဲ့ကြသည့် CDM ဝန်ထမ်းများအားလုံးကိုလည်း လေးစားဂုဏ်ပြုအပ်ပါသည်။

၆။ နွေဦးတော်လှန်ရေးအတွင်း စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ စွန့်လွှတ်အနစ်နာခံခဲ့ကြသည့် သူရဲကောင်းများကိုလည်း လေးစားဂုဏ်ယူပါသည်။

၇။ နွေဦးတော်လှန်ရေးတွင် အသက်ပေးလှူခဲ့ကြသည့် အာဇာနည်သူရဲကောင်းအပေါင်းတို့ကိုလည်း ဦးညွှတ်အလေးပြုအပ်ပါသည်။

၈။ နွေဦးတော်လှန်ရေးကြီး အမြန်အောင်မြင်စွာ ပြီးမြောက်နိုင်ရန်အတွက် ပြည်တွင်းပြည်ပမှ ပြည်သူများနှင့်တကွ ကမ္ဘာ့လူ့အဖွဲ့အစည်းရှိ ပြည်သူများအားလုံးအနေဖြင့်လည်း ယခုလက်ရှိအခြေအနေထက် အားသွန်ခွန်စိုက်၍ ပိုမိုကြိုးစားပေးကြပါရန် ပန်ကြားအပ်ပါသည်။

၉။ မြန်မာ့နွေဦးတော်လှန်ရေးကို ထောက်ခံအားပေး၍ ကူညီဆောင်ရွက်လျက်ရှိသည့် နိုင်ငံတကာ အသိုက်အဝန်းများအနေဖြင့်လည်း ယခုထက်ပိုမို၍ အားပေးကူညီထောက်ပံ့မှုများကို ထပ်မံဆောင်ရွက်ပေးရန် ပန်ကြားအပ်ပါသည်။

၁၀။ ယခုလက်ရှိအချိန်ထိ အာဏာသိမ်းစစ်ကောင်စီ၏ လူမဆန်သောလုပ်ရပ်များကို မသိကျိုးကျွံပြုနေသည့် နိုင်ငံများအနေဖြင့်လည်း သမိုင်းတွင် အမည်းစက်တွင်ကျန်ရစ်နေမည်ဖြစ်သည့်အတွက် အမြန်ဆုံး မြန်မာပြည်သူလူထုနှင့်အတူ ရပ်တည်ပါရန် တောင်းဆိုသည်။

၁၁။ နိုင်ငံရေးအကျဉ်းသူ အကျဉ်းသားများအပေါ် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှုများ ကျူးလွန်ခဲ့သည့် စစ်ကောင်စီလက်အောက်ခံ အကျဉ်းဦးစီးဌာနလက်အောက်ရှိ အရာရှိကြီးငယ်မရွေးကိုလည်း ထိုက်သင့်သည့် ပြစ်ဒဏ်စီရင်နိုင်ရေး အစွမ်းကုန်ကြိုးစားသွားမည်ဖြစ်ကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာ နိုင်ငံရေးအကျဉ်းသားများကွန်ရက် (PPNM)**

**ကရင်နီနိုင်ငံရေးအကျဉ်းသားများအစည်းအရုံး (KPPA)**